မေးခွန်းများ

၁။ ဘာအလုပ်လုပ်ကိုင်ပါသလဲ။

၂။ ဘာတာဝန် ရာထူးနဲ့ ထမ်းဆောင်နေပါသလဲ။

၃။ ဘာကြောင့်လုပ်ဒီအလုပ်ကိုလုပ်ကိုင်ဖြစ်သလဲ။ လုပ်သက်ကဘယ်လောက်ရှိပြီလဲ။ တာဝန်ထမ်းဆောင်နေ ချိန် ဘယ်လိုအခက်အခဲတွေ တွေ့ကြုံရပါသလဲ။

၄။ ဒီအလုပ်ရဲ့ လုပ်ဆောင်ချက်တွေကဘာတွေလဲ။ ဒီလိုလုပ်ဆောင်ချက်တွေ လုပ်ဆောင်တဲ့ အခါ ဘယ်လိုအခက်အခဲတွေတွေ့ရပါသလဲ။

၅။ ဒေသထွက်ကုန်တွေကဘာတွေလဲ။ ဘယ်ကိုရောင်းချလေ့ရှိသလဲ။ ဈေးကွက် အများစုကိုဘယ်သူတွေကလုပ်ကိုင်ကြပါသလဲ။ သွင်းကုန်တွေကဘယ်ကနေတင်သွင်းပါသလဲ။

၆။ ဒီဒေသခံတွေရဲ့ အဓိက အသက်မွေးဝမ်း ကျောင်းအလုပ်အကိုင်တွေကဘာတွေလဲ။

၇။ စစ်မဖြစ်ခင် စီးပွားရေးအခြေအနေနှင့် စစ်ဖြစ်ပြီးစီးပွားရေးအခြေအနေပြောင်းလဲမှုရှိပါသလား။ ဘယ်လိုမျိုးတွေလဲ။

၈။ ဒီဒေသရဲ့ ပညာရေးအခြေအနေကဘယ်လိုရှိပါသလဲ။

၉။ ဒီဒေသလူငယ်တွေကဘယ်အလုပ်တွေကိုအဓိကလုပ်ကိုင်ပါသလဲ။ အခြားဘယ်အလုပ်မျိုးကိုလည်းလုပ်ကိုင်လေ့ရှိပါသလဲ။ ( ဥပမာ - ဝန်ထမ်း - ဘယ်ဌာန/ ဘာရာထူး/ အခြေခံလစာ/ နေ့စား - ဘယ်လိုအလုပ်အမျိုးအစားလဲ/ တနေ့ ရငွေ)

၁၀။ လူမှုဖွံ့ဖြိုးရေးနှင့် ပတ်သက်ပြီးလုပ်ဆောင်တဲ့ အဖွဲ့အစည်းများ ဝင်ရောက်လုပ်ဆောင်ပေးမှုရှိပါသလား။ ရှိခဲ့ပါကဘယ်အဖွဲ့အစည်းတွေဖြစ်ပါသလဲ။ ဘယ်အချိန်က စတင်ဝင်ရောက်ခဲ့ပါသလဲ။ ဘယ်လိုအစီအစဉ်တွေကိုလုပ်ဆောင်ပေးနေပါသလဲ။ ဒီလိုလုပ်ဆောင်ပေးနေတဲ့ အဖွဲ့အစည်းပေါ် ဒေသခံပြည်သူတွေရဲ့ တုန့်ပြန်ချက်တွေကဘယ်လိုအခြေအနေရှိပါသလဲ။

၁၁။ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီးထားရှိခံယူထားတဲ့ သဘောထားဘယ်လိုရှိပါသလဲ။

၁၂။ ဘယ်အချိန်ကစပြီးမူးယစ်ဆေးသုံးစွဲမှုများပြားလာခဲ့ပါသလဲ။ ဘယ်လိုအခြေအနေကြောင့် သုံးစွဲမှုများပြားလာခဲ့ပါသလဲ။

၁၃။ ဘယ်သူတွေကအများဆုံးသုံးစွဲကြပါသလဲ။ ဘယ်အသက်အရွယ်တွေကအများဆုံးသုံးစွဲကြပါသလဲ။

၁၄။ ဘယ်လူမျိုးတွေက အများဆုံးရောင်းဝယ်ကြပါသလဲ။

၁၅။ ဘိန်းစိုက်ပျိုးရေးနှင့် ပတ်သက်ပြီးဘယ်နေရာဒေသမှာစိုက်ပျိုးကြပါသလဲ။ အများဆုံးမြေကေဘယ်လောက်ထိစိုက်ပျိုးကြပါသလဲ။

၁၆။ ဘယ်သူတွေကအဓိကစီးပွားဖြစ်စိုက်ပျိုးကြပါသလဲ။ ရရှိလာတဲ့ ဘိန်းကိုဘယ်နေရာကိုရောင်းချကြပါသလဲ။ ဘိန်းစိုက်ဖို့ အတွက် မည်သူ့ထံခွင့်ပြုချက်တောင်း/ အခွန်ဆက်ပေးရပါသလဲ။

၁၇။ ဘိန်းခင်းအတွက် နေ့စားအလုပ်သမားတွေ ဘယ်ကလာကြပါသလဲ။ တနေ့လုပ်အားခမည်မျှပေးရပါလဲ။

၁၈။ မူးယစ်ဆေးသုံးစွဲမှု့နဲ့ပတ်သက်ပြီး ပတ်ဝန်းကျင် မိသားစုအသင်းတော် အသိုင်းအဝိုင်းကြား ထိခိုက်မှု့ တွေရှိပါသလား။ ဘယ်လိုတွေ ထိခိုက်မှု့ ရှိပါသလဲ။

၁၉။ မူးယစ်တိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ပါဝင်လုပ်ဆောင်လာအောင် ဘယ်အရာတွေကတွန်းအားဖြစ်စေခဲ့ပါသလဲ။

၂၀။ ပြည်သူလုထုပါဝင်တဲ့ မူးယစ်တိုက်ဖျက်ရေးအဖွဲ့ရဲ့ လုပ်ဆောင်ချက်တွေကဘာတွေလဲ။ ဘယ်လိုအစီအစဉ်တွေနဲ့ တိုကဖျက်ရေးအစီအစဉ်တွေကိုလုပ်ဆောင်နေပါသလဲ။

၂၁။ ဘယ်လူမျိုးတွေ ပူးပေါင်းပါဝင်လုပ်ဆောင်နေပါသလဲ။ လုပ်ဆောင်တဲ့အခါ ဘယ်လိုအခက်အခဲတွေ တွေ့ကြုံရပါသလဲ။

၂၂။ အစိုးရနှင့် ပူးပေါင်းလုပ်ဆောင်မှု့တွေကောရှိပါသလား။ ဘယ်လိုအရာတွေကိုပူးပေါင်းလုပ်ဆောင်ပါသလဲ။

၂၃။ ပူးပေါင်းလုပ်ဆောင်ပြီးနောက် ဘယ်လိုအောင်မြင်မှု့ရလဒ်တွေရရှိပါ သလဲ (ဥပမာ) ။ ပူးပေါင်းဆောင်ရွက်မှု့က ထိရောက်မှု့ရှိပါသလား။

၂၄။ ပူးပေါင်းလုပ်ဆောင်ချိန် အဖွဲ့ နှစ်ဖွဲ့ ကြားဘယ်လိုအခက်အခဲတွေရှိပါသလဲ။

၂၅။ ပြည်သူလူထုအခြေပြုမူးယစ်တိုက်ဖျက်ရေးအဖွဲ့ရဲ့ လက်ရှိအခြေအနေမှာဘာတွေလုပ်ဆောင်နေပါသလဲ။ ဘယ်လိုလည်ပတ်နေပါသလဲ။

၂၆။ တိုက်ဖျက်ရေးလုပ်ဆောင်ချက် မလုပ်ဆောင်ခင် အခြေအနေနှင့် လုပ်ဆောင်ပြီးအခြေအနေကွာခြားမှု့ရှိပါသလား။ ဘာတွေကွာခြားမှုရှိပါသလဲ။

၂၇။ အစိုးရအနေဖြင့် ဘိန်းအစားထိုးသီးနှံများ ပေးဝေမှု့အစီအစဉ်ရှိပါသလား။ ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်ပြီးလုပ်ဆောင်ပေးသောအရာများရှိပါသလား။ ဘယ်လိုအရာတွေရှိပါသလဲ။

၂၈။ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီးနောက်ဆက်တွဲဖြစ်သည့် ကျန်းမာရေးအစီအစဉ်များ ၊ မူးယစ်ဆေးဝါး ဖြတ်ခြင်းများနှင့် ပတ်သက်ပြီးလုပ်ဆောင်ပေးသည့်အရာများရှိပါသလား။ ဘယ်လိုအစီအစဉ်တွေနဲ့ လုပ်ဆောင်ပေးနေပါသလဲ။

၂၉။ ဒေသခံများအခြားဒေသတို့ ပြောင်းရွှေ့နေထိုင်မှုများရှိပါသလား။ ဘယ်အချိန်ကစပြီးပြောင်းရွှေ့သွားကြသလဲ။ ဘယ်လူမျိုးတွေအများဆုံးပြောင်းရွှေ့သွားကြပါသလဲ။ ဘယ်ဒေသကိုလဲ။

၃၀။ ဘာကြောင့် ပြောင်းရွှေ့ သွားကြပါသလဲ။

၃၁။ ဒီဒေသမှာအခြားဒေသမှ ပြောင်းရွှေ့နေထိုင်သူရှိပါသလား။

၃၂။ ဘယ်အချိန်ကစပြီးလာရောက်နေထိုင်ကြပါသလဲ။ ဘယ်လူမျိုးတွေအများဆုံးပြောင်းရွှေ့လာကြပါသလဲ။ ဘယ်ဒေသကလဲ။

၃၃။ ဘာကြောင့် လာရောက်အခြေချနေထိုင်သွားကြပါသလဲ။

၃၄။ ဒေသတွင်း ပြည်သူ့စစ်များရှိပါသလား။ မည်သူဦးဆောင်သည့် အဖွဲ့ဖြစ်ပါသနည်း။ ပြည်သူအတွက် ဘာတွေကိုလုပ်ဆောင်ပေးလေ့ရှိပါသလဲ။ ပြည်သူ့စစ်များ၏ လုပ်ဆောင်ချက် အပေါ် ပြည်သူလူထု၏ တုံ့ပြန်ချက် သဘောထားအမြင်တွေကဘယ်လိုရှိပါသလဲ။

၃၅။ KIA, KIO အဖွဲ့အစည်း၏ လုပ်ဆောင်ချက်တွေကဘာတွေလဲ။ သူတို့ရဲ့ လုပ်ဆောင်ချက်တွေအပေါ် ပြည်သူလူထု၏ တုံ့ပြန်ချက် သဘောထားအမြင် က ဘယ်လိုရှိပါသလဲ။

၃၆။ အစိုးရနှင့် တပ်မတော်၏ လုပ်ဆောင်ချက်တွေကဘာတွေလဲ။ သူတို့ရဲ့ လုပ်ဆောင်ချက်တွေအပေါ် ပြည်သူလူထု ၏ တုံ့ပြန်ချက် သဘောထားအမြင်ကဘယ်လိုရှိပါသလဲ။